**သတင်းထုတ်ပြန်ချက် -- ချက်ချင်းထုတ်ပြန်ရန်**

**၉ ရက်၊ တနင်္လာနေ့၊ ဇန်နဝါရီလ၊ ၂၀၁၇ ခုနှစ်**

KESAN

# ဌာနေကရင်တိုင်းရင်းသားများကာကွယ်ထားသော တောတောင်ရေမြေဒေသအား ထိန်းသိမ်းစောင့်ရှောက်ခြင်း

အရှေ့တောင်အာရှဒေသအတွင်း နောက်ဆုံးကျန်ရှိသည့် ကျယ်ပြန့်ထူးကဲသော သဘာဝတောတောင်နယ်မြေများထဲက တစ်ခုဖြစ်ပြီး သက်ရှိဇီဝ၊ ယဉ်ကျေးမှုနှင့် စုံလင်သော သဘာဝဂေဟစနစ်နှင့် သက်ရှိများအကြားဖြစ်တည်မှုကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်ရည်စူးသည့် ဌာနေကရင်တိုင်းရင်းသားတို့နေထိုင်ရာ တောတောင်နယ်မြေထိန်းသိမ်းစောင့်ရှောက်ရေး၏ ပဏာမခြေလှမ်းဖြစ်သော သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် ၎င်း၏ပန်းတိုင်ဆီသို့ အဓိကကျသော ခြေလှမ်းတစ်လှမ်း တက်လှမ်းခဲ့ပြီးဖြစ်သည်။ အများပြည်သူလူထု၏သဘောဆန္ဒကိုရယူပြီးသည့်နောက်တွင် လူထု၏ထာဝရအခွင့်အရေးဖြစ်သည့် မိမိကိုယ်ကိုမိမိစီရင်အုပ်ချုပ်ပိုင်ခွင့်နှင့် မိမိဘိုးဘွားပိုင်နယ်မြေအား စီမံအုပ်ချုပ်သည့် ဌာနေကရင်တိုင်းရင်းသားတို့၏ ဒေသတွင်းအုပ်ချုပ်ရေးစနစ်များကို မြင့်တင်လေးစားသည့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ကျယ်ပြန့်သောအများပြည်သူ၏ထောက်ခံမှုဖြင့် အောင်မြင်စွာ ရေးဆွဲပြီးစီးနိုင်ခဲ့ပြီဖြစ်သည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် ဖာပွန် (မူတြော်) ခရိုင်အတွင်း မြို့နယ် (၃) မြို့နယ်၊ ကျေးရွာအုပ်စု (၂၃) စုမှ ကိုယ်စားလှယ် (၃၀၀) ကျော်အပါအဝင် ဖာပွန်ခရိုင်ကရင်သစ်တောဌာနနှင့် မြန်မာနိုင်ငံအတွင်း သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတွင် ရှေ့ဆုံးကပါဝင်လုပ်ရှားနေသည့်အဖွဲ့များထဲက တစ်ခုဖြစ်သည့် ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာလုပ်ရှားမှုကွန်ရက် (KESAN) တို့မှ ပူးပေါင်းကာ အကောင်အထည်ဖေါ်နိုင်ရေးအတွက် အားထုတ်ဆောင်ရွက်သောအစီအစဉ်ဖြစ်သည်။ ၂၀၁၆ ခုနှစ်၊ မေလမှစတင်ပြီးယခုအချိန်အထိ အကောင်အထည်ဖေါ်ဆောင်ရွက်သွားမည့် အကျယ်အဝန်း (၅၂၀၅ $km^2$) ရှိသော သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အစီအစဉ်အား ဒေသတွင်း ဌာနေကရင်တိုင်းရင်းသားလူထုများ၏ ပါဝင်မှုအပြည့်အဝဖြင့် ကာလကြာရှည်စွာ သုံးသပ်ဆန်းစစ်ခဲ့သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နှင့်ပတ်သက်ပြီး လူထုနှင့်တွေ့ဆုံအသိပေးတိုင်ပင်ဆွေးနွေးညှိနှိုင်းမှုများကို ၂၀၁၆ ခုနှစ်၊ မေလတွင် ပထမဆုံးအကြိမ်လုပ်ဆောင်ခဲ့ပြီး ဒုတိယအကြိမ်တွေ့ဆုံမှုကိုမူ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်မှ ၂၈ ရက်အထိ ဖာပွန်ခရိုင်၊ ဒေပိုနိကျေးရွာတွင် ပြုလုပ်ခဲ့သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်ဆန်းစစ်မှုနှင့် အများပြည်သူထံမှအကြံပေးဝေဖန်မှုရယူခြင်းများသည် လုပ်ငန်းစဉ်ရှိသည့်အတိုင်း ရှေ့ဆက်လက်သွားလျက်ရှိနေပြီး ၂၀၁၇ ခုနှစ်အကုန်တွင် အဆုံးသတ်နိုင်မည်ဟု မျှော်လင့်ပါသည်။

တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ်တွင် သဘောတူလက်မှတ်ရေးထိုးထားသည့် လက်မှတ်ရှင်တစ်ဦးဖြစ်သည့်အားလျော်စွာ ကေအဲန်ယူသည် လက်ရှိမြန်မာပြည်သူလူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ဦးဆောင် ဆောင်ရွက်နေသည့် နိုင်ငံရေးဆွေးနွေးပွဲတွင် အဓိကကျသည့်

အဖွဲ့အစည်းနေရာ၌ ယခုအချိန်အထိ ပါဝင်လာခဲ့ပါသည်။ ဝေးလံပြီးလူသူအရောက်နည်းကာ တောတောင်ဒေသတစ်ခုဖြစ်သည့် ယခုသံလွင်ငြိမ်းချမ်းရေးဥယျာဉ်နယ်နိမိတ်အတွင်း၌ မြန်မာစစ်တပ်သည် ရာစုနှစ်တဝက်ကျော်ကျော်တိုင် ဝင်ရောက်နေရာယူကာ ရက်စက်ကြမ်းကြုတ်မှုနှင့် လူ့အခွင့်အရေးချိုးဖေါက်မှုများကို ကျူးလွန်လာခဲ့သည်။ မြန်မာနိုင်ငံ၏အာဏာရှင်စစ်တပ်သည် ဘေးဖယ်ခံနေရသောမျိုးနွယ်စု ၁၀၀ ထက်မကရှိသည့် မြန်မာနိုင်ငံ၏တိုင်းရင်းသားလူမျိုးများအပေါ် ရက်ရက်စက်စက် အမြစ်ပြုတ်ရှင်းလင်းသည့်နေရာတွင် ထင်ပေါ်ကျော်ကြားသလို မြန်မာနိုင်ငံအစိုးရ၏အုပ်ချုပ်ရေးသည် အထူးသဖြင့် ငြိမ်းချမ်းစွာဆန္ဒပြသူ၊ သတင်းထောက်၊ အခြားဘာသာဝင်များအပေါ် ဖိနှိပ်မှုချုပ်ကိုင်မှုများကြောင့် နိုင်ငံတကာအသိုင်းအဝန်းအကြားတွင် မြန်မာနိုင်ငံအစိုးရအား ကမ္ဘာ့ဖိနှိပ်ချုပ်ကိုင်မှုအများဆုံးရှိသော အစိုးရများထဲက တစ်ဖွဲ့ဟု ခေါ်ဝေါ်ဖေါ်ပြကြသည်။ ယခုအချိန်အထိ ကရင်ပြည်နယ်အတွင်းတွင် မြန်မာစစ်တပ်သည် ၎င်း၏စစ်စခန်းပေါင်း (၃၀၀) ကျော်ကို ချထားလျက်ရှိပြီး ဖာပွန်ခရိုင်တစ်ခုတည်းအတွင်းတွင် ၎င်း၏စစ်စခန်းပေါင်း (၈၂) လုံးရှိသည်။

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ၏ ဒုတိယစစ်ဦးစီးချုပ် စောဘောကျော်ဟဲက KESAN အဖွဲ့မှ သတင်းယူသူအဖွဲ့သားတစ်ဦးအား ယခုကဲ့သို့ပြောပြခဲ့ပါသည်။

"ထိုင်းနိုင်ငံမှာ သူတို့ရဲ့ တောရိုင်းတိရိစ္ဆာန်နဲ့ တရားမဝင်သစ်ထုတ်လုပ်မှုတွေကို တားဆီးကာကွယ်ဖို့အတွက် အမျိုးသားပန်းခြံတွေဖွဲ့စည်းခဲ့တာကို ကျွန်တော်နားလည်ခဲ့ရတယ်။ ဒါကိုကြည့်ပြီး ကျွန်တော်တို့လည်း ကော်သူးလေးမှာ အလားတူပုံစံမျိုးလုပ်သင့်တယ်လို့ ကျွန်တော်လက်ခံယုံကြည်လာခဲ့တယ်။ အစိုးရနဲ့ကေအဲန်ယူအကြား ၂၀၁၂ ခုနှစ်အတွင်း အပစ်ခတ်ရပ်စဲရေးသဘောတူညီမှုလက်မှတ်ရေးထိုးခဲ့ပြီးတဲ့နောက်မှာ ဒီအိမ်မက်ကိုအကောင်အထည်စဖေါ်ဖို့အခွင့်အရေးဘဲလို့ ကျွန်တော်တို့ ဆုံးဖြတ်ခဲ့တယ်"

ဖာပွန်ခရိုင်အတွင်းနေထိုင်နေသော ဌာနေကရင်တိုင်းရင်းသားနှင့် ဒေသခံလူထုအား ဤလေးမြတ်သောနယ်မြေဒေသကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်အုပ်ချုပ်ထိုက်သူများအဖြစ် အသိအမှတ်ပြုလျက် ဗိုလ်ချုပ်ကြီး စောဘောကျော်ဟဲရှင်းလင်းစွာ ပြောဆိုသည့်အတိုင်းပင် ကရင်ပြည်သူလူထု၏အိမ်မက်ကိုဖေါ်ဆောင်နိုင်ရန် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အကောင်အထည်ဖေါ်ရေးအစီအစဉ်သည် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် လုပ်ငန်းစဉ်တွင် ဒေသတွင်းကရင်ပြည်သူလူထုကိုယ်တိုင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကိုလည်း ၎င်းတို့ကိုယ်တိုင်ကိုယ်ကျ ရေးဆွဲခွင့်ပေးသည်။

နိုင်ငံတကာ၏အသိအမှတ်ပြုမှုကိုရရှိရန် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အကောင်အထည်ဖေါ်ရေးအစီအစဉ်က ဆက်လက်ကြိုးပမ်းလျက်ရှိပြီး သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နှင့်ကပ်လျက်ရှိနေသည့် ထိုင်းနိုင်ငံမှ သံလွင်အမျိုးသားဥယျာဉ်နှင့်သံလွင်အမျိုးသား တောရိုင်းတိရိစ္ဆာန်ဘေးမဲ့သစ်တောများရှိသည့်အားလျော်စွာ နောင်တွင် မည်ကဲ့သို့ပူးပေါင်းလုပ်ကိုင်နိုင်မည်နှင့်ပတ်သက်၍ ထိုင်းနိုင်ငံနှင့် ရှေ့ဆက်လက်တွဲလုပ်ဆောင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အား တရားဝင်ဖွဲ့စည်းအသိအမှတ်ပြုနိုင်သည့်အချိန်တွင် ၎င်းအား ကာကွယ်နိုင်ရန်နှင့် ၎င်းမှရရှိမည့်အကျိုးအမြတ်များကို အများပြည်သူလူထုအတွက် များများပြား

ပြား သယ်ယူလာနိုင်စေရန်အတွက် မြန်မာနိုင်ငံအစိုးရနှင့် ဆွေးနွေးတိုင်ပင်မှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

**အယ်တီတာအတွက် မှတ်ချက်။**

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကို အသက်သွင်းသည့်အရာများဖြစ်သည့် ငြိမ်းချမ်းစွာမိမိကိုယ်ကိုယ်မိမိ စီရင်အုပ်ချုပ်ပိုင်ခွင့်၊ လူတိုင်းပါဝင်နိုင်သောဒီမိုကရေစီ၊ သဘာဝပတ်ဝန်းကျင်ရှင်သန်တည်တံ့ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာရှင်သန်မှု၊ စသည်များကို မကြာခင်က ရေးဆွဲပြီးစီးခဲ့သည့် သံလွင်ငြိမ်းခြမ်းရေးဥယျာဉ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း၏ နိဒါန်းစာပိုဒ်တွင် အောက်ပါအတိုင်း အလေးပြုဖော်ပြထားသည်။

"ဖာပွန်ခရိုင်အတွင်းရှိ ကျွန်ုပ်တို့ဌာနေကရင်တိုင်းရင်းသားတို့သည် တိုင်းပြည်နယ်နိမိတ်များကိုကျော်ဖြတ်ပေါက်ဖွားဆင်းသက်လာသူများဖြစ်ပြီး ကျွန်ုပ်တို့လူမျိုးအား မျိုးရိုးစဉ်ဆက်အဆက်ဆက် ကျွေးမွေးစောင့်ရှောက်လာသည့် သဘာဝပတ်ဝန်းကျင်နှင့်အတူတကွ ပျော်ရွှင်ကြည်နူးစွာနေထိုင်အသက်ရှင်ခဲ့သည့် ကျွန်ုပ်တို့၏မျိုးရိုးဇစ်မြစ်ကို လက်ခံအသိအမှတ်ပြုသည့်အားလျော်စွာ၊ ထို့ပြင် ကမ္ဘာနှင့်လူသားများအပေါ်ဖြစ်ပွားခဲ့သော မတရားမှုအမျိုးမျိုးကို တော်လှန်ဆန့်ကျင်လာခဲ့သူများအား အောက်မေ့အထွတ်အမြတ်ထားလျက် လက်ရှိနှင့်အနာဂတ်တွင် ကျွန်ုပ်တို့၏မြေပေါ်၌ ထာဝရတည်မြဲသောငြိမ်းချမ်းရေးကို အသက်သွင်းနိုင်ရန်၊ သံလွင်မြစ်ဝှမ်းဒေသ၏ သဘာဝနှင့်ဂေဟစနစ်များကို ကာကွယ်ရန်နှင့်တည်တန့်စေရန်၊ ကျွန်ုပ်တို့၏ထူးခြားသောယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ကျွန်ုပ်တို့လူမျိုးတွင် မိမိကိုယ်ကိုမိမိစီရင်အုပ်ချုပိုင်ခွင့်ရှိစေရန်အတွက် ဤသံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲ ပြဋ္ဌာန်းပါသည်။"

**သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နှင့်ပတ်သက်ပြီး ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်။**

စောပေါလ်စိန်ထွား (KESAN ဒါရိုက်တာ)။ +66 (0) 817247093 (ကရင်၊ အင်္ဂလိပ်)

စောကလိုထူး (ဖာပွန်ခရိုင်၊ ကရင်သစ်တောဌာန ဦးစီး)။ +66 24026142 (ကရင်၊ မြန်မာ)

အောက်ပါလိပ်စာမှတဆင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွက် ရေးသားထားသော လက်ကမ်းစာစောင်ကို ရယူဖတ်ရှုနိုင်ပါသည်။

http://progressivevoicemyanmar.org/wp-content/uploads/2016/11/eng-peaceparkflyer.pdf